**ချင်းတိုင်းရင်းသားတို့၏လူမှုစီးပွားဘဝ (၂၀၁၆)**

**ဒေါ်စန်းစန်းယု**

**ပါမောက္ခ (ဌာနမှူး)(သမိုင်းဌာန)**

**ဒေါ်သက်သက်**

**ပါမောက္ခ (ဌာနမှူး)(မနုဿဗေဒဌာန)**

**စာတမ်းအကျဉ်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့်ရှမ်းစသော တိုင်းရင်းသားများဖြင့်ဖွဲ့စည်းထားပေသည်။ ပြည်ထောင်စုစိတ်ဓါတ်ကိုအခြေခံ၍ဖွဲ့စည်းထားသော နိုင်ငံတော်တွင် လူမှုစီးပွားဘဝများမှာမူ မတူညီကြပေ။ နေထိုင်ရာအရပ်ဒေသ၊ ယဉ်ကျေးမှုထုံးတမ်း ဓလေ့တို့ပေါ်မူတည်၍ လူနေမှု၊ စီးပွားရေးအခြေအနေများကွဲပြားသွားကြသည်။ ထိုသို့ကွဲပြားသွား ကြသည့်တိုင်းရင်းသားမျိုးနွယ်စုများထံမှ ချင်းတိုင်းရင်းသားတို့၏လူမှုစီးပွားဘဝကို အခန်း(၁) ချင်းသမိုင်း၊ အခန်း(၂) နေထိုင်ရာဒေသ၊ အခန်း(၃) လူမှုစီးပွားရေးဖွဲ့စည်းပုံ၊ အခန်း (၄) ဝတ်စားဆင် ယင်မှု၊ ဘာသာစကား၊ စာပေ၊ ရိုးရာပုံပြင်များ၊ အခန်း (၅) စီးပွားရေး၊ အခန်း (၆) ယုံကြည်ကိုးကွယ် မှု၊ အခန်း (၇) ပညာရေး၊ ကျန်းမာရေးကဏ္ဍ၊ အခန်း (၈) နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှု၊ အခန်း(၉) ရိုးရာပါးရဲထိုးခြင်း၊ အခန်း (၁၀) ချင်းတိုင်းရင်းသားတို့၏ရိုးရာအလံများစသည်ဖြင့် စုစည်းတင်ပြ ထားပါသည်။